# POLICY
# BRIEFING

BURMA NEWS INTERNATIONAL

# လွတ်လပ်သောသတင်း မီဒီယာများ၏
## အကြပ်အတည်းနှင့်ဖိနှိပ်ခံရမှု အခြေအနေများ

Burma News International
Policy Briefing Paper # 02

ဇွန်လ ၂၀၂၃

# နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ(၁)ရက် စစ်တပ်အာဏာသိမ်းမှုနှင့်အတူ သတင်းမီဒီယာလုပ်ငန်းများကို စစ်ကောင်စီက ဖိနှိပ်ချုပ်ခြယ်ကန့်သတ်ခဲ့သည်။ သတင်းလွတ်လပ်ခွင့်ကို ပိတ်ပင်သည့်အပြင် သတင်းဌာနများကို ဝင်ရောက်စီးနင်း ခြင်း၊ သတင်းမီဒီယာသမားများကို ဖမ်းဝရမ်းထုတ်ခြင်း၊ ဆန္ဒပြပွဲသတင်းရယူနေသော သတင်းမီဒီယာသမားများကို လုပ်ငန်းခွင်အတွင်း ဖမ်းဆီးခြင်း၊ ကားဖြင့်တိုက်ခြင်း၊ နေအိမ်တွင်ဖမ်းဆီးခံရခြင်း၊ ဖမ်းဆီးထိန်းသိမ်းခံရစဉ် စစ်ကြော ရေးကာလတွင် နှိပ်စက်ခြင်း၊ သေဆုံးခြင်းနှင့် နှစ်ရှည်ထောင်ဒဏ်ချမှတ်ခြင်းအပါအဝင် ထောင်တစ်သက်ချခြင်း၊ ထောင်တွင်းအကျဉ်းချထားစဉ် သတင်းမီဒီယာသမားမှန်းသိ၍ ဖိနှိပ်ခြင်း၊ သတင်းမီဒီယာလိုင်စင်များရုပ်သိမ်းခြင်းနှင့် လွတ်လပ်သော သတင်းမီဒီယာများအား ပြည်ဖျက်မီဒီယာများအဖြစ်စွပ်စွဲခြင်းများကို ယနေ့ကာလအထိ အစဉ်တ စိုက်လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပေးထားချက်အောက်ရှိ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေ ခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာဥပဒေ၊ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဥပဒေနှင့်ထိုဥပဒေများဖြင့်သက် ဆိုင်သောနည်းဥပဒေများအား တစ်ဖက်သတ်ပြင်ဆင်ခြင်းများကို စစ်ကောင်စီက လုပ်ဆောင်ခဲ့သည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍတွင်လည်း အင်တာနက်လိုင်းများဖြတ်တောက် ခြင်း၊ ဖုန်းလိုင်းများ ဖြတ်တောက်ခြင်းနှင့် လူမှုကွန်ရက်မီဒီယာသုံးစွဲမှု ဖြတ်တောက်ကန့်သတ်မှုများကို စစ်ကောင်စီက ဆောင်ရွက်ခဲ့သည်။ ထို့အပြင် မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ မြန်မာ့အသံနှင့် အက်ဖ်အမ်ရေဒီယိုများ ကဲ့သို့ နိုင်ငံပိုင်မီဒီယာများနှင့် လူမှုကွန်ရက်မီဒီယာများကိုအသုံးပြု၍ စစ်ကောင်စီအလိုကျသတင်းများ၊ သတင်းမှား များနှင့်ဝါဒဖြန့်ချိရေးများကို ထုတ်လွှင့်ခဲ့သည်။ ထို့အပြင် စစ်ကောင်စီထောက်ခံသောအစုအဖွဲ့များကလည်း လွတ် လပ်သောသတင်းမီဒီယာများမှ သတင်းထုတ်လွှင့်မှုများအားနည်းသွားစေရန် တန်ပြန်ထုတ်လွှင့်မှုများပြုလုပ်နေသည် ကို တွေ့ရသည်။

အာဏာသိမ်းပြီးသည်မှစ၍ ယနေ့အထိ သတင်းမီဒီယာသမား(၂၀၀)ကျော်ဖမ်းဆီးခံရပြီး (၄၀) ကျော်သည် အ ကျဉ်းထောင်အသီးသီးတွင် မတရားသောဥပဒေပုဒ်မများဖြင့် ပြစ်ဒဏ်ချခံနေရသည်။ ထို့အပြင် သတင်းမီဒီယာလုပ် ငန်းလုပ်ကိုင်ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့သူများရှိပြီး ယင်းပြစ်မှုကျူးလွန်ခဲ့သူများသည် ပြစ်ဒဏ်မှကင်းလွတ်နေ၍ တရားမျှတမှု မရရှိကြသေးပါ။ ထို့အပြင် သတင်းမီဒီယာဌာန(၁၅)ခု၏လိုင်စင်များကိုလည်း စစ်ကောင်စီက ပိတ်သိမ်း ခဲ့ပြီး[1] သတင်းမီဒီယာသမားများ၏နေအိမ်ချိတ်ပိတ်ခြင်းများလည်း ရှိလာခဲ့သည်။

1 RFA Burmese | 30 Dec 2023 | မဲခေါင်သတင်းအေဂျင်စီကို စစ်ကောင်စီ လိုင်စင်ပိတ်သိမ်း https://www.rfa.org/burmese/news/mekong-news-licensing-12302023005757.html

# ၂၀၂၄ ခုနှစ် မီဒီယာဖိနှိပ်ခံရမှုများ

လွတ်လပ်သော သတင်းမီဒီယာများအပေါ် ဖိနှိပ်မှုများသည် ၂၀၂၄ ခုနှစ်အတွင်း ဆက်လက်ရှိနေပြီး လွတ်လပ်သော သတင်းမီဒီယာများသည် အကြပ်အတည်းများစွာကို ရင်ဆိုင်နေကြရသည်။ ၂၀၂၄ ခုနှစ် တစ်နှစ်တည်းတွင် သတင်းမီ ဒီယာသမား(၃)ဦး သေဆုံးခဲ့ပြီး သတင်းမီဒီယာသမား၊ မှတ်တမ်းဇာတ်လမ်း ရုပ်ရှင်ဒါရိုက်တာ ရှင်ဒေဝီအား ထောင် တစ်သက် ပြစ်ဒဏ်ချခဲ့သည်။ အကျဉ်းကျသတင်းမီဒီယာသမား များသည် ထောင်တွင်းနှိပ်စက်မှုများကို ကြုံနေကြရ သည်။ သတင်းမီဒီယာသမားများ၏နေအိမ်များကို ချိပ်ပိတ်ခဲ့သည်။ ထို့အပြင် စစ်ကောင်စီ၏ အလိုကျဆောင်ရွက် မည့် သတင်းမီဒီယာကောင်စီကိုလည်း ဖွဲ့စည်းခဲ့သည်။ စစ်ကောင်စီ၏ဒစ်ဂျစ်တယ်ဖိနှိပ်မှုများကလည်း လွတ်လပ် သောသတင်းမီဒီယာများ အပေါ် အကန့်အသတ်ဖြစ်စေသည်။

လွတ်လပ်သောသတင်းမီဒီယာများအပေါ် စစ်ကောင်စီ၏ဖိနှိပ်မှုများကိုသာ ကြုံတွေ့ရသည်မဟုတ်ဘဲ လွတ် မြောက်နယ်မြေများနှင့်တော်လှန်ရေးအင်အားစုများက ထိန်းချုပ်ထားသောနယ်မြေများအတွင်း သတင်းမီဒီယာလွတ် လပ်ခွင့်အပေါ် သိနားလည်မှု အားနည်းခြင်းကြောင့် သတင်းမီဒီယာလွတ်လပ်ခွင့် အပေါ် သက်ရောက်သည့် သက် ရောက်မှုများကိုလည်း ရင်ဆိုင်ကြရသည်။ ထို့အပြင် ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းမှ ယနေ့ကာလအထိဖြစ်ပေါ်လျက်ရှိ သော အမေရိကန်အစိုးရ၏မူဝါဒရေးရာပြောင်းလဲမှုများသည်လည်း လွတ်လပ်သော သတင်းမီဒီယာအပေါ် ကြီးမား သည့်သက်ရောက်မှုများဖြစ်ခဲ့သည်။

နယ်စည်းမခြားသတင်းသမားများအဖွဲ့(RSF)၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်ညွှန်းကိန်း အရ မြန်မာ နိုင်ငံသည် နိုင်ငံပေါင်း(၁၈၀)အနက် အဆင့်(၁၇၁)၌ဖြစ်၍ အနီရောင်အဆင့်၊ အန္တရာယ်ရှိသောအဆင့်တွင် ရှိနေပြီး[2] သတင်းလွတ်လပ်ခွင့်အဆိုးဝါးဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေ[3]သည်။

# သတင်းမီဒီယာသမားများ သေဆုံးခြင်းနှင့် ကျူးလွန်သူများလွတ်မြောက်နေသော အခြေအနေများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ သတင်းမီဒီယာသမား(၂၀၀)ကျော်မှာ ဖမ်းဆီးခံရခြင်း၊ ရိုက် နှက်ခံရခြင်းနှင့်သတ်ဖြတ်ခံရခြင်းဆိုသော အခြေအနေဆိုးများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သတင်းမီဒီယာ သမား(၇)ဦး[4]သည် လုပ်ငန်းခွင်အတွင်း အကြောင်းအမျိုးမျိုးဖြင့်

---

2 RSF | 2024 Press Freedom Index | https://rsf.org/en/index

3 RFA Burmese | 3 May 2024 | သတင်းလွတ်လပ်ခွင့် အဆိုးဝါးဆုံးနိုင်ငံတွေထဲ မြန်မာ ပါဝင်နေ https://www.rfa.org/burmese/news/freedom-press-05032024045834.html

4 CPJ | 2021-2024 | 5 Journalists Killed in Myanmar https://cpj.org/data/killed/2024/?status=Killed&motiveConfirmed%5B%5D=Confirmed&type%5B%5D=Journalist&cc_fips%5B%5D=BM&start_year=2021&end_year=2024&group_by=location

သေဆုံးခဲ့ရပြီး ၂၀၂၄ ခုနှစ် တစ်နှစ်တည်းတွင်ပင် သတင်းမီဒီယာသမား(၃)ဦး[5] သေဆုံးခဲ့ရသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း အသက် ဆုံးရှုံးခဲ့ရသော သတင်းမီဒီယာသမား(၇) ဦး၏အခြေအနေမှာ အောက်ဖော်ပြပါ ဇယားအတိုင်းဖြစ်ပြီး ယင်းတို့အပေါ် ကျူးလွန်ခဲ့သောကျူးလွန် သူများသည် ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရနေပြီး တရားမျှတမှုရရှိရန် လိုအပ်နေသည်။

| စဉ် | အမည် | သေဆုံးရသည့်အကြောင်း | သတင်းဌာန |
|---|---|---|---|
| ၁။ | ကိုစိုးနိုင် | အသံတိတ်သပိတ်သတင်းရယူစဉ် ဖမ်းဆီးခံရပြီး စစ်ကြောရေးတွင် သေဆုံးခဲ့သည်။ | အလွတ်တန်းဓာတ်ပုံ သတင်းထောက် |
| ၂။ | အေစိုင်းကေ (ခ) စိုင်းဝင်းအောင် | တိုက်ပွဲသတင်းရယူနေစဉ် စစ်ကောင်စီပစ်ခတ်သော လက်နက်ကြီးကျည်ထိမှန်၍ သေဆုံးခဲ့သည်။ | အယ်ဒီတာ၊ ဖက်ဒရယ်ဂျာနယ် |
| ၃။ | Pu Tuidim | စစ်မြေပြင်တွင် သတ်ဖြတ်ခံခဲ့ရ၍ သေဆုံးခဲ့သည်။ | အယ်ဒီတာချုပ်၊ တည်ထောင်သူ ခေါနုသုမ်သတင်းဌာန |
| ၄။ | ကိုလင်းလင်းထွန်း | သတင်းမီဒီယာသမားဖြစ်နေ၍ သတ်ဖြတ်ခံခဲ့ရသည်။ | အလွတ်တန်း သတင်းထောက် |
| ၅။ | ဖိုးသီဟ (ခ) မြတ်သူထွန်း | အကျဉ်းထောင်မှထုတ်၍ သတ်ဖြတ်ခံခဲ့ရသည်။ | အလွတ်တန်း သတင်းထောက် |
| ၆။ | ထက်မြတ်သူ | စစ်ကောင်စီ၏ ဝင်ရောက်ဖမ်းဆီးပစ်ခတ်မှုတွင် အသတ်ခံခဲ့ရသည်။ | အလွတ်တန်း သတင်းထောက် |
| ၇။ | ဝင်းထွဋ်ဦး (ခ) ဖိုက်ဇယ် | စစ်ကောင်စီ၏ ဝင်ရောက်ဖမ်းဆီးပစ်ခတ်မှုတွင် အသတ်ခံခဲ့ရသည်။ | သတင်းထောက်၊ ဒီဗွီဘီသတင်းဌာန |

သတင်းသမားများကာကွယ်စောင့်ရှောက်ရေးကော်မတီ(CPJ)၏ ညွှန်းကိန်းများအရ သတင်းမီဒီယာသမား များသတ်ဖြတ်ခံရခြင်းအတွက် ပြစ်မှုကျူးလွန်သူများ ပြစ်ဒဏ်ကင်းလွတ်နေခြင်း၌ မြန်မာနိုင်ငံသည် ကမ္ဘာ့ညွှန်းကိန်း ၌ အဆင့်(၁၀)တွင် ရှိနေသည်။[6]

---

[5] UNESCO | 2021-2024 | Observatory of Killed Journalists https://www.unesco.org/en/safety-journalists/observatory/country-overview?country=b21159a5-f07f-56d1-a843-970688c53d04&hub=72609

[6] The Irrawaddy | 1 Nov 2024 | Myanmar Ranks 10th for Impunity in Killing Journalists https://www.irrawaddy.com/news/burma/myanmar-ranks-10th-for-impunity-in-killing-journalists.html

# သတင်းမီဒီယာသမားများ ဖမ်းဆီးခံရမှုနှင့် ပြစ်ဒဏ်ချခံရမှု အခြေအနေများ

သတင်းသမားများကာကွယ်စောင့်ရှောက်ရေးကော်မတီ(CPJ)၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ(၁၈) ရက်၌ ထုတ်ပြန်သည့် အစီရင်ခံစာအရ မြန်မာနိုင်ငံသည် သတင်းသမားအကျဉ်းချခံရမှု ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။[7] မြန် မာနိုင်ငံ၏ရှေ့တွင် တရုတ်နိုင်ငံသည် သတင်းသမားအကျဉ်းချထားမှု ပထမအများဆုံးအနေဖြင့် ရှိနေသော်လည်း မြန် မာနိုင်ငံနှင့်အရေအတွက်အားဖြင့် ကွာခြားလွန်းခြင်းမရှိသည်ကို တွေ့ရသည်။[8] ၂၀၂၁ အာဏာသိမ်းနောက်ပိုင်းမှ ယနေ့အထိ ဖမ်းဆီးခြင်း၊ ဖမ်းဝရမ်းထုတ်ခြင်း၊ ရိုက်နှက်ခြင်းနှင့်တရားစွဲဆိုခြင်း စသည့်ဖြစ်ရပ်ပေါင်း(၂၀၀)ကျော်ဖြစ်ပေါ် ခဲ့ ပြီး သတင်းမီဒီယာသမား(၁၇၀)နှင့်အထက်သည် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ယင်းတို့အနက် အချို့သည် ဖမ်းဆီးခံ ထားရစဉ်သေဆုံးခဲ့သည်။ ထိန်းသိမ်းခံထားရသူများအနက် သတင်းမီဒီယာသမား(၄၄)ဦးသည် မြန်မာနိုင်ငံရှိ အကျဉ်း ထောင်အသီးသီးတွင် ထိန်းသိမ်းခံထားရဆဲဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိစစ် ကောင်စီ၏ဖမ်းဆီးထိန်းသိမ်းခံရသော သတင်းမီဒီယာသမားအရေအတွက်နှင့် အခြေအနေမှာ အောက်ဖော်ပြပါဇယား အတိုင်းဖြစ်သည်။

| စဉ် | အခြေအနေ | အရေအတွက် | အမျိုးသား | အမျိုးသမီး |
|---|---|---|---|---|
| ၁။ | ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရသူ သတင်းသမားများ | ၁၇၃ | ၁၄၅ | ၂၈ |
| ၂။ | အကျဉ်းချချုပ်နှောင်ခံထားရဆဲ သတင်းသမားများ | ၄၄ | ၃၇ | ၇ |

သတင်းမီဒီယာသမားများအား တရားစွဲဆိုသောဥပဒေပုဒ်မများမှာ ရာဇဝတ်မှုဖြစ်သည့် **ရာဇသတ်ကြီးပုဒ်မ - ၅၀၅ - က၊ ၅၀၅ - ခ၊ ပုဒ်မ - ၁၂၄ - က၊ မတရားအသင်းဆက်သွယ်မှုဥပဒေပုဒ်မ - ၁၇(၁)၊ ဆက်သွယ်ရေးဥပဒေပုဒ် မ - ၆၆(ဃ)၊ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများပုဒ် မ - (၅)၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ -၂၇ နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မများ** အစရှိသည်တို့ဖြစ်သည်။ ယင်းဥပဒေပုဒ်မများအနက် **အများဆုံးအသုံးပြုခဲ့သောဥပဒေပုဒ်မများမှာ ၅၀၅ - က၊ ၅၀၅ - ခ နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မများ** ဖြစ်သည်။

ထိုသို့ ဥပဒေပုဒ်မအမျိုးမျိုးဖြင့် စစ်ကောင်စီကတရားစီရင်ရာ၌ အချို့သောအမှုများတွင် ရှေ့နေငှားရမ်းခွင့်မရ ခြင်း၊ ပြန်လည်ချေပခွင့်မရခြင်းနှင့်စစ်ခုံရုံးအသုံးပြု၍တရားစီရင်ခြင်းများကိုပြုလုပ်ခဲ့

7 CPJ | 18 Jan 2024 | 2023 prison census: Jailed journalist numbers near record high; Israel imprisonments spike https://cpj.org/reports/2024/01/2023-prison-census-jailed-journalist-numbers-near-record-high-israel-imprisonments-spike/

8 VOA Burmese | 19 Jan 2024 | စစ်ကောင်စီလက်ထက် မြန်မာ့သတင်းလွတ်လပ်ခွင့်အခြေအနေ https://burmese.voanews.com/a/7446863.htm

ပြီး သတင်းမီဒီယာလုပ်ငန်းလုပ် ကိုင်ခြင်းနှင့်လုပ်ငန်းခွင်၌ သတင်းလုပ်ငန်းလုပ်ကိုင်နေစဉ်အတွင်း ဖမ်းဆီးခံရသူများကို ရာဇဝတ်မှုများဖြင့် မတရား အကျဉ်းချထားခဲ့ခြင်းဖြစ်သည်။

ထိုသို့ပုဒ်မများဖြင့် တရားစွဲဆိုရာတွင် အမြင့်ဆုံးပြစ်ဒဏ်များကို ချမှတ်ခဲ့သည်။ ထိုသို့အမြင့်ဆုံး ပြစ်ဒဏ်များ ကို ချမှတ်ခံခဲ့ရသူများမှာ အောက်ဖော်ပြပါဇယားအတိုင်းဖြစ်သည်။

| စဉ် | အမည် | တရားစွဲဆိုခံရသောအမှုများ | ချမှတ်ခံရသည့် ပြစ်ဒဏ် |
|---|---|---|---|
| ၁။ | ရှင်ဒေဝီ | အကြမ်းဖက်ပုဒ်မ - ၅၂ (ည) | ထောင်တစ်သက် |
| ၂။ | စိုင်းဇော်သိုက် (ခ) စိုင်းဇော် | ၁၂၄၊ ၅၀၅ - က၊ ၆၆(ဃ)၊ သဘာဝ ဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ - ၂၇ | ထောင်ဒဏ်(၂၀)နှစ် |
| ၃။ | အောင်ဆန်းဦး | အကြမ်းဖက်ပုဒ်မ - ၅၀ (က) | ထောင်ဒဏ်(၂၀)နှစ် |
| ၄။ | မျိုးမြင့်ဦး | အကြမ်းဖက်ပုဒ်မ - ၅၀ (ည)၊ ၅၂(က)(ခ) | ထောင်ဒဏ်တစ်သက်တစ်ကျွန်း |
| ၅။ | ကိုမျိုးစံစိုး | အကြမ်းဖက်ပုဒ်မ - ၅၀ (ည) | ထောင်ဒဏ်(၁၅)နှစ် |
| ၆။ | မှူးရတနာခက်မိုးမိုးထွန်း | ၅၀၅ - က၊ ၅၀(ည) | ထောင်ဒဏ်(၁၃)နှစ် |
| ၇။ | စည်သူအောင်မြင့် | ၅၀၅ - က၊ ၁၂၄ - က | ထောင်ဒဏ်(၁၂)နှစ် |
| ၈။ | ငြိမ်းချမ်းဝေ | ၅၀၅ - က၊ ၁၂၄(ဂ) | ထောင်ဒဏ်(၁၁)နှစ်(၃)လ |
| ၉။ | မဝေဝေလွင် | အကြမ်းဖက်ပုဒ်မ - ၅၀ (ည) | ထောင်ဒဏ်(၁၀)နှစ် |
| ၁၀။ | ကိုသူရိန်ကျော် | အကြမ်းဖက်ပုဒ်မ - ၄၉ (က) | ထောင်ဒဏ်(၁၀)နှစ် |
| ၁၁။ | ကိုခိုင်မြင့်ထွန်း (ခ) ရွှေလင်းသစ် | အကြမ်းဖက်ပုဒ်မ - ၅၁ (ဂ) | ထောင်ဒဏ်(၁၀)နှစ် |

# သတင်းမီဒီယာသမားများ၏နေအိမ်များအား ချိတ်ပိတ်သည့်အခြေအနေ

စစ်ကောင်စီ၏သတင်းမီဒီယာဖိနှိပ်မှုများထဲတွင် သတင်းမီဒီယာသမားများ၏နေအိမ်များကို ချိတ်ပိတ်ခြင်းများလည်း ပါဝင်သည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလ(၂၅)ရက်နေ့၌ သံလွင်တိုင်းမ်သတင်းဌာန၊ အယ်ဒီတာချုပ်၊ ဦးကိုကိုဇော်၏ မော်လမြိုင်မြို့ရှိနေအိမ်ကို စစ်ကောင်စီက ချိတ်ပိတ်ခဲ့သည်။[9] ၂၀၂၁ ခုနှစ် ဇွန်လ(၂၅)ကလည်း သံလွင်တိုင်းမ်သတင်း ဌာနကို စစ်ကောင်စီက ဝင်ရောက်စီးနင်းခဲ့၍ သတင်းမီဒီယာသမားများ ရှောင်တိမ်းခဲ့ရသည်။

---

9 RFA Burmese | 26 Oct 2024 | သံလွင်တိုင်းမ်သတင်းဌာန အယ်ဒီတာချုပ်နေအိမ် ချိတ်ပိတ်ခံရ https://www.rfa.org/burmese/news/thanlwintime-editor-house-closed-10262024125314.html

ထို့အတူ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ လက်ပြကျေးရွာပစ်ခတ်မှုအတွင်း ဖမ်းဆီးသတ်ဖြတ်ခံခဲ့ရသော ကျိုက်ထိုအခြေစိုက်အလွတ်တန်းသတင်းထောက် ကိုထက်မြတ်သူနေအိမ်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ(၂၂)ရက်၊ နေ့ လည်(၁)နာရီက စစ်ကောင်စီတပ်၊ ရဲနှင့်အုပ်ချုပ်ရေးအဖွဲ့ဝင်များက လာရောက်၍ ချိတ်ပိတ်သွားခဲ့သည်။[10] ၂၀၂၂ ခုနှစ် မတ်လ(၃)ရက်နေ့ကလည်း အသံတိတ်သပိတ်မြင်ကွင်း ဓာတ်ပုံရိုက်ယူ၍ စစ်ကြောရေးတွင်သေဆုံးခဲ့သော ဓာတ်ပုံ သတင်းထောက် ကိုစိုးနိုင်၏ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်က နေအိမ်ကို စစ်ကောင်စီက ချိပ်ပိတ်ခဲ့သည်။[11] ထို့အတူ ကေအိုင်စီသတင်းဌာနမှ အကြီးတန်းသတင်းထောက် ကိုနေနော်အား စစ်ကောင်စီက ၂၀၂၂ ခုနှစ် မတ်လ(၂၈)ရက်တွင် ဖမ်းဆီးခဲ့ပြီး ယင်း၏နေအိမ်ကို ဇွန်လ(၃၀)ရက်နေ့တွင် ချိတ်ပိတ်ခဲ့သည်။ ထိုသို့ချိတ်ပိတ်စဉ် ကိုနေနော်၏ဇနီးမှာ ကိုယ်ဝန်(၄)လခန့်ရှိနေပြီး ကလေးတစ်ဦးနှင့်အတူ နေအိမ်မှအတင်းအဓမ္မဖယ်ရှားခံခဲ့ရ၍ ယခုအချိန်အထိ အိမ်ငှါးဘ ဝဖြင့် ရုန်းကန်နေထိုင်နေရသည်။[12]

# အကျဉ်းထောင်အတွင်းရှိ သတင်းမီဒီယာ သမားများ၏အခြေအနေများ

စစ်ကောင်စီ၏မတရားဖမ်းဆီးခြင်းဖြင့်အကျဉ်းထောင်အတွင်းသို့အကျဉ်းချခံထားရသောသတင်းမီဒီယာသမားများ သည်လည်း အခြားသောနိုင်ငံရေးအကျဉ်းသားများနည်းတူ ထောင်တွင်းဖိနှိပ်မှုများကိုခံရသည့်အပြင် သတင်းမီဒီယာ သမားဖြစ်နေခြင်းကြောင့် သီးသန့်ပုံစံပေးခြင်းနှင့်ရိုက်နှက်ခြင်းများ ရှိနေသည်။[13] ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် ပြစ်ဒဏ်ချခံရခြင်းအတူတူဖြစ်နေသည့်တိုင်အောင် သတင်းသမားဖြစ်ခြင်းကြောင့်ဖိနှိပ်ခြင်းများကို ပိုမိုလုပ်ဆောင်နေ ကြောင်းနှင့် အလုပ်ကြမ်းများခိုင်းစေနေ၍ အလုပ်ကြမ်းများမခိုင်းစေရန် ငွေကျပ်(၅)သိန်းပေးရကြောင်းလည်း စုံစမ်း သိရှိရသည်။[14]

ထို့အတူ နိုင်ငံရေးအကျဉ်းသားများကို ထောင်ပြောင်းရွှေ့သည့်ကိစ္စများမှာလည်း အကျဉ်းသားမိသားစုများ၏ အခက်အခဲဖြစ်စေသည့်အပြင် အကျဉ်းသားများကိုယ်တိုင်လည်း ဒုက္ခမျိုးစုံကို ထပ်မံခံစားကြရသည်။ အကျဉ်းသား များအား ပြစ်ဒဏ်ကျသည့်အကျဉ်းထောင်မှ အခြားထောင်တစ်ခုသို့ ပြောင်းရွှေ့ခံရပါက အကျဉ်းထောင်အတွင်းစတင် ဝင်ရောက်ရသကဲ့သို့ အရိုက်ခံရကြောင်းနှင့်ပုံစံပေးခံရတတ်ကြောင်း သိရသည်။[15] ထောင်ပြောင်းရွှေ့ခြင်းကြောင့် မိ သားစုဝင်များသည် ပြောင်းရွှေ့ခံရ

---

10 သံလွင်တိုင်းမ် | 24 Nov 2024 | ကျိုက်ထိုပစ်ခတ်မှုအတွင်း ဖမ်းဆီးသတ်ဖြတ်ခံရသောအလွတ်တန်းသတင်းထောက်နေအိမ် ချိပ်ပိတ်ခံရ https://www.burmese.thanlwintimes.com/2024/11/24/ကျိုက်ထိုပစ်ခတ်မှုအတွင-2/

11 RFA Burmese | 3 March 2022 | စစ်ကြောရေးမှာ သေဆုံးခဲ့တဲ့ ဓာတ်ပုံသတင်းထောက်ကိုစိုးနိုင်နေအိမ် ချိပ်ပိတ်ခံရ https://www.rfa.org/burmese/news/soenaing-home-closed-03032022150559.html

12 ပြစ်ဒဏ်ကျခံနေရသောသတင်းမီဒီယာသမား၏ မိခင်သတင်းဌာနသို့ ဆက်သွယ်မေးမြန်းချက်

13 ကိုယ်တိုင်ကြုံတွေ့လာသူတစ်ဦးအားဆက်သွယ်မေးမြန်းချက်

14 ပြစ်ဒဏ်ကျခံနေရသောသတင်းမီဒီယာသမားအား ထောက်ပံ့ကူညီနေသူ အယ်ဒီတာချုပ်အား ဆက်သွယ်မေးမြန်းချက်

15 ပြစ်ဒဏ်ကျခံနေရသောသတင်းမီဒီယာသမားအား ထောက်ပံ့ကူညီနေသူ အယ်ဒီတာချုပ်အား ဆက်သွယ်မေးမြန်းချက်

သည့်ထောင်သို့ ထောင်ဝင်စာလိုက်တွေ့ရသည်ဖြစ်၍ ခရီးစရိတ်၊ တည်းခိုစရိတ်နှင့် စားသောက်စရိတ်များမြင့်တက်သွားရကြောင်းနှင့် မိသားစုအတွက် ဝန်ထုတ်ဝန်ပိုးများဖြစ်နေရကြောင်း သိရသည်။[16] ထောင်ပြောင်းရွှေ့ခံရသည့်အထဲတွင် အကျဉ်းကျခံနေရသော သတင်းမီဒီယာသမားအချို့လည်း ပါဝင်နေသည်။

ထောင်ဝင်စာတွေ့ခွင့်ရရန်အတွက် ငွေကြေးပေးရခြင်း၊ အကန့်အသတ်များရှိနေခြင်း၊ အစားအသောက်များ သွင်းခြင်းအပေါ် ဟန့်တားကန့်သတ်ခြင်း၊ တစ်လတစ်ကြိမ် ထောင်ဝင်စာတွေ့ခွင့်တွင် (၁၅)မိနစ်သာအချိန်ပေးခြင်း၊ အကျဉ်းသားတစ်ဦးအတွက် လစဉ်စျေးဖိုးအား ငွေကြေးဖြင့်တစ်လစာပေးရပြီး အပိုကြေးရာခိုင်နှုန်းကိုလည်း ထပ်မံ ၍ ပေးရကြောင်း သိရသည်။[17]

လက်လှမ်းမီသ၍ စုံစမ်းသိရှိရသောအခြေအနေအရ အကျဉ်းကျခံနေရသော သတင်းမီဒီယာသမားအချို့တွင် စိုးရွားလှသောကျန်းမာရေးအခြေအနေမရှိသော်လည်း အကျဉ်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု မလုံ လောက်ခြင်း၊ ရေသန့်ရှင်းမှုမရှိခြင်းများကြောင့် ယားနာနှင့်အရေးပြားရောဂါခံစားရခြင်း၊[18] ထောင်အတွင်းသတ်မှတ် လူဦးရေထက် အကျဉ်းသားဦးရေများပြားနေခြင်းနှင့် နေထိုင်ရေးအခက်အခဲများရှိနေခြင်းများကြောင့်စိုးရိမ်ဖွယ်ရာအခြေအနေတွင်ရှိနေပြီး[19] အကျဉ်းထောင်အတွင်း နိုင်ငံရေးအကျဉ်းသားများအား ဖိနှိပ်မှုများ ပိုမိုပြုလုပ်လာသည်ဟု သိရသည်။[20]

# သတင်းမီဒီယာများဆိုင်ရာ မီဒီယာဥပဒေများ၊ ကြားကာလအုပ်ချုပ်ရေးစနစ်နှင့်လက်ရှိအခြေအနေများ

သတင်းမီဒီယာဆိုင်ရာဥပဒေများအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေရေးလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာဥပဒေနှင့် ရုပ်မြင် သံကြားနှင့်အသံထုတ်လွှင့်ခြင်းဥပဒေများသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်ရှိ စစ်ကောင်စီဆက်လက်ကျင့် သုံးနေသော တည်ဆဲဥပဒေများအဖြစ် ရှိနေသည်။ စစ်ကောင်စီသည် အာဏာသိမ်းပြီးသည့်နောက် အဆိုပါဥပဒေများ ကိုပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ သတင်းမီဒီယာလုပ်ငန်း(၁၅)ခု၏လိုင်စင်များကို ရုပ်သိမ်းခြင်းအတွက် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေရေးလုပ်ငန်းဥပဒေကို သုံးစွဲခဲ့သည်။ အာဏာသိမ်းပြီးနောက် သတင်းမီဒီယာကောင်စီများကို ဖွဲ့စည်းခွင့်ပေး ရာတွင် သတင်းမီဒီယာဥပဒေကို သုံးစွဲခဲ့သော်လည်း စစ်ကောင်စီက ဖမ်းဆီးထောင်ချခဲ့သော သတင်းမီဒီယာသမား များ

---

16 ပြစ်ဒဏ်ကျခံနေရသောသတင်းမီဒီယာသမားများ၏ မိသားစုဝင်အချို့အား ဆက်သွယ်မေးမြန်းချက်

17 ပြစ်ဒဏ်ကျခံနေရသောသတင်းမီဒီယာသမားအား ထောက်ပံ့ကူညီနေသူ အယ်ဒီတာချုပ်အား ဆက်သွယ်မေးမြန်းချက်

18 ပြစ်ဒဏ်ကျခံနေရသောသတင်းမီဒီယာသမားများဖြင့် နီးစပ်သူများထံ စုံစမ်းမေးမြန်းချက်

19 ပြစ်ဒဏ်ကျခံနေရသောသတင်းမီဒီယာသမားများဖြင့် နီးစပ်သူများထံ စုံစမ်းမေးမြန်းချက်

20 MPA | 17 Nov 2022 | ယခုလအတွင်း အကျဉ်းထောင်များရှိ နိုင်ကျဉ်းများကို ဖိနှိပ်မှုများ ပိုမိုပြုလုပ်လာ https://mpapress.com/သတင်း/56194/

အပေါ် ယင်းဥပဒေကျင့်သုံးခြင်းမရှိသကဲ့သို့ ဥပဒေအားဖြင့်အကာအကွယ်ပေးနိုင်သည်များမှာလည်း အသက်ဝင် ခြင်း မရှိခဲ့ပါ။

ယခုကာလတွင် လွတ်လပ်သောသတင်းမီဒီယာလုပ်ငန်းများသည် စစ်ကောင်စီ၏တည်ဆဲဥပဒေများအောက် တွင် ရာနှုန်းပြည့်ရှိမနေပါဘဲ သတင်းမီဒီယာကျင့်ဝတ်၊ သတင်းလွတ်လပ်ခွင့်စံနှုန်းများနှင့် ကိုယ်တိုင်ထိန်းညှိမှုများဖြင့် ရှင်သန်လှုပ်ရှားနေကြသည်။ လွတ်လပ်သောသတင်းမီဒီယာများသည် လွတ်မြောက်နယ်မြေများ၊ ကြားကာလအုပ် ချုပ်ရေးနယ်မြေများ၊ နယ်စပ်ဒေသနှင့်ပြည်ပနိုင်ငံများတွင် အခြေစိုက်၍ မြန်မာနိုင်ငံဆိုင်ရာအကြောင်းအရာများကို သ တင်းထုတ်လုပ်တင်ပြနေကြရသည်။ တချို့သော လွတ်လပ်သည့်သတင်းဌာနများနှင့်သတင်းမီဒီယာသမားများသည် ပြည်တွင်းမှနေ၍ သိုသိပ်စွာဖြင့် သတင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြရသည်။ ထိုသို့သောအခြေအနေ များအကြားတွင် ဥပဒေကြောင်းအရလည်းကောင်း၊ အုပ်ချုပ်ရေးအာဏာရှိခြင်းအရလည်းကောင်း၊ လက်နက်ကိုင်အင်အားအရလည်းကောင်း အကာအကွယ်ပေးနိုင်မှုနှင့်သတင်းလွတ်လပ်ခွင့်ဆိုင်ရာအာမခံနိုင်မှုများတွင် မေးခွန်း ထုတ်ရန်များနှင့်ပွတ်တိုက်မှုများ ရှိလာရသည်။

၂၀၂၄ ခုနှစ် ဧပြီလ၌ ကရင်နီပြည်နယ် ကြားကာလအုပ်ချုပ်ရေးကောင်စီ(IEC)ကထုတ်ပြန်ခဲ့သော ညွှန်ကြား ချက်အမှတ်(၀၈/၂၀၂၄)၌ ကရင်နီပြည်နယ်အတွင်း သတင်းရယူရာတွင် ‘ခွင့်ပြုချက်တောင်းခံရန်’နှင့်‘ကျင့်ဝတ်နှင့်အ ညီသတင်းရေးသားရန်’ဟုဖော်ပြ၍ သတင်းမီဒီယာများကို ညွှန်ကြားခဲ့သည်။ ထို့အတူ ကရင်အမျိုးသားအစည်းအရုံး (KNU)ကလည်း သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းဆိုင်ရာမူဝါဒများနှင့်ကျင့်ဝတ်စည်းကမ်းများထဲမှ ပြင်ပသတင်းဌာန များလိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းကို အသီးသီးထုတ်ပြန်ကြေညာခဲ့သည်။ ယင်းနှင့်ပတ်သက်၍ လွတ် လပ်သောမြန်မာသတင်းမီဒီယာကောင်စီ(IPCM)က စေ့စပ်ညှိနှိုင်းမှုများလုပ်ဆောင်ခဲ့ရာ ကရင်အမျိုးသားအစည်းအ ရုံး(KNU)နှင့်သဘောတူညီမှုရရှိခဲ့သည်များကို ၂၀၂၄ ခုနှစ် ဩဂုတ်လ(၇)ရက်တွင် ထုတ်ပြန်ခဲ့ပြီး ကရင်နီပြည်နယ်ကြား ကာ လ အုပ် ချုပ် ရေး ကောင် စီ (IEC) နှင့် သ ဘော တူ ညီ မှု ရ ရှိ ခဲ့ သ ည် များ ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ(၂၃)ရက် တွင် ထုတ်ပြန်ခဲ့သည်။[21]

လွတ်လပ်သောမြန်မာသတင်းမီဒီယာကောင်စီ(IPCM)သည် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PS LF/TNLA)နှင့်ထိတွေ့ဆက်ဆံမှုများရှိခဲ့သည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ(၆)ရက်တွင် တွေ့ဆုံခဲ့ကြခြင်းဖြစ်ပြီး လွတ် လပ်သော သတင်းမီဒီယာများ၏အခန်းကဏ္ဍကို အလေးထားအသိမှတ်ပြုကြောင်း၊ သတင်းမီဒီယာအငြင်းပွားမှုများ ဖြစ်ပေါ်လာပါက ပူးတွဲညှိနှိုင်းမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာများ၏လွတ်လပ်စွာသတင်းရယူခွင့်အား လိုက်နာမည် ဖြစ်ကြောင်းနှင့် သတင်းမီဒီယာသိနားလည်မှုဆိုင်ရာများမြှင့်တင်ရေးများအား ဆောင်ရွက်မည်ဖြစ်ကြောင်း စသဖြင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး၍ နားလည်မှုစာချွန်လွှာများရေးထိုးနိုင်ခဲ့သည်။[22]

ကချင်ပြည်နယ်၊ ဖားကန့်အခြေစိုက် သတင်းမီဒီယာသမား(၂)ဦးကို ကချင်လွတ်လပ်ရေးတပ်မတော်က ၂၀၂၄ ခုနှစ် စက်တင်ဘာလကုန်ပိုင်းတွင် ဖမ်းဆီးခဲ့သည်။[23] လွတ်လပ်သောသတင်းမီဒီ

[21] လွတ်လပ်သောသတင်းမီဒီယာကောင်စီနှင့်ကရင်နီပြည်နယ် ကြားကာလအုပ်ချုပ်ရေးကောင်စီတို့၏ ပူးတွဲထုတ်ပြန်ချက် https://ipcmm.org/လွတ်လပ်သော-မြန်မာသတင်း-2/

[22] လွတ်လပ်သောမြန်မာသတင်းမီဒီယာကောင်စီသို့ ဆက်သွယ်မေးမြန်းချက်

[23] Kachin News Group | 2 Oct 2024 | ဖားကန့်မှ သတင်းထောက်နှစ်ဦးကို KIA ဖမ်းဆီးထား https://burmese.kachinnews.com/2024/10/02/am1-186/

ယာများသည် စစ်ကောင်စီ၏သတင်း မီဒီယာလွတ်လပ်ခွင့်ဖိနှိပ်ခြင်းခံရသည့်အပြင် တော်လှန်ရေး အင်အားစုများနှင့်လက်နက်ကိုင်အစုအဖွဲ့များ၏ သတင်း မီဒီယာသိနားလည်မှုအားနည်းချက်များကြောင့် သတင်းမီဒီယာလွတ်လပ်ခွင့်အပေါ် ထိခိုက်မိသည်များလည်း ရှိနေခဲ့ ကြောင်း မြေပြင်သတင်း အချက်အလက်များအရ သိရသည်။ ထို့အပြင် ယင်းဒေသများ၏အုပ်ချုပ်ရေးကိုင်တွယ်သူ များက သတင်းမီဒီယာများအပေါ် ဆင်ဆာဖြတ်တောက်ခြင်းမျာ[24]နှင့်ကန့်သတ်မှုအချို့ပြုလုပ်ခြင်းများလည်း ရှိနေ ကြောင်း သိရသည်။

# အင်တာနက်ဖြတ်တောက်ခံရခြင်းနှင့်သတင်း အမှောင်ချခြင်းအံတုမှုအခြေအနေများ

၂၀၂၄ခုနှစ်အတွင်းမြို့နယ်ပေါင်း(၂၄)မြို့နယ်တွင် အင်တာနက်ဖြတ်တောက်မှု အကြိမ်ပေါင်း(၁၃၀) ကျော်ကြုံတွေ့ခဲ့ရ သည်။ ကချင်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့သည် ၂၀၂၄ ခုနှစ်အတွင်း ပြည်နယ်တစ် ခုလုံးတွင် အင်တာနက် ဖြတ်တောက်ခံခဲ့ရသည်။ချင်းပြည်နယ်တွင်လည်းပြည်နယ်၏မြို့တော်ဖြစ်သော ဟားခါးမြို့မှ အပပြည်နယ် တစ်ခုလုံး အင်တာနက်ဖြတ်တောက်ခံခဲ့ရသည်။[25]

၂၀၂၁ ခုနှစ် အာဏာသိမ်းသည့်မှစ၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ စစ် ကောင်စီ၏ အင်တာနက်ဖြတ်တောက်မှု အကြိမ်(၃၂၄)ကြိမ်ရှိခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အင် တာနက်ဖြတ်တောက်မှု (၆)ကြိမ် တိတိရှိခဲ့သည်။[26] မြန်မာအင်တာနက်ပရောဂျက်၏ဖော်ပြချက်အရ စစ်ကိုင်းတိုင်းဒေသကြီးတွင်(၉၁)ကြိမ် နှင့်ကချင် ပြည်နယ်တွင်(၃၄)ကြိမ် စစ်ကောင်စီက အင်တာနက် ဖြတ်တောက်ခဲ့ကြောင်းသိရပြီး အနည်းဆုံးအကြိမ် အင်တာနက်ဖြတ်တောက်ခံခဲ့ကြရသော ရန်ကုန်တိုင်း ဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင်ပင် အင်တာနက် ဖြတ်တောက်ခံရမှု(၆)ကြိမ်ရှိခဲ့ကြောင်း နှင့် ကျန်ဒေသများတွင် ပျမ်းမျှအားဖြင့်(၁၀)ကြိမ်နှင့်အထက် အင်တာနက် ဖြတ်တောက်ခံခဲ့ ကြရကြောင်း သိရသည်။[27] စစ်ရေးပဋိပက္ခမြင့်မားသောနေရာများတွင် အင်တာနက်ဖြတ်တောက်မှု ပိုမိုခံရခြင်းကြောင့် စစ်ကောင်စီသည် သတင်းစီးဆင်းမှုနှင့်သတင်းအမှောင်ချရန်ရည်ရွယ်ကြောင်း သိသာထင်ရှား သည်။ ထိုသို့ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံရခြင်းကြောင့် သတင်းထုတ်လုပ်မှုနှင့်သတင်းစီးဆင်းမှု များအ ပေါ်သို့ ဆိုးကျိုးများတိုက်ရိုက်သက်ရောက်စေပြီး အများပြည်သူအတွက် သတင်းစီးဆင်းမှုနှင့်

---

[24] VOA Burmese | 3 Nov 2024 | သတင်းလွတ်လပ်ခွင့်အတွက် ရပ်တည်နေတဲ့ ဖက်ဒရယ် FM ရေဒီယို https://burmese.voanews.com/a/burma-democracy-forum-conversation-with-myanmar-federal-fm-founder/7849756.html

[25] Myanmar Internet Project | 7 January 2024 ၂၀၂၄ ခုနှစ် တစ်နှစ်တာကာအတွင်း မြန်မာနိုင်ငံ၏ဒစ်ဂျစ်တယ်ဖိနှိပ်ခံရမှု အခြေအနေများ အပိုင်း(၁) https://www.myanmarinternet.info/my/post/yearly_report_2024_part_1

[26] Myanmar Internet Project | 2 July 2024 | အင်တာနက်ဖြတ်တောက်မှုနှင့် အင်တာနက်ဆက်သွယ်ရေး အခြေခံအဆောက်အုံများ ပျက်စီးမှုအခြေအနေအပေါ်လေ့လာချက် https://www.myanmarinternet.info/my/post/blog_17_internet_infrasturcture_shutdown

[27] Myanmar Internet Project | 2021-2024 | Internet Shutdown https://www.myanmarinternet.info/my/internet-shutdown

တိကျခိုင်မာသော သတင်းအချက်အလက် များရရှိနိုင်ရေးကို ခက်ခဲစေသည်။ သတင်းအမှောင်ကျခြင်းကိုလည်း ဖြစ်ပေါ်စေသည်။

ထိုအခြေအနေများနှင့်သတင်းအမှောင်ချခြင်းကို အံတုနိုင်ရန်အတွက် အက်ဖ်အမ်ရေဒီယိုထုတ်လွှင့်ခြင်းနှင့် ဂျာနယ်ထုတ်ဝေခြင်းကိစ္စများကို စီစဉ်ဆောင်ရွက်လာခဲ့သည်။ ထိုသို့စီစဉ်ဆောင်ရွက်ရန်အတွက် လိုအပ်သောအခြေ ခံအဆောက်အအုံအခက်အခဲနှင့်ထုတ်လုပ်မှုကုန်ကျစရိတ်အခက်အခဲများကိုလည်း ရင်ဆိုင်နေကြရသည်။ ထို့အတူ လုံခြုံရေးဆိုင်ရာအခြေအနေများနှင့် ဆင်ဆာဖြတ်တောက်ခြင်းကဲ့သို့ သတင်းမီဒီယာလွတ်လပ်ခွင့်မူဝါဒရေးရာ ရှင်း လင်းပြတ်သားမှု မရှိမှုများသည် ကြားကာလအုပ်ချုပ်ရေးအခြေအနေများတွင် ရင်ဆိုင်နေကြရသည်။

# သတင်းမီဒီယာများ၏ရပ်တည်ရေးဆိုင်ရာ အခြေအနေများ

ရေဒီယိုထုတ်လွှင့်ခြင်းအပါအဝင်[28] [29] ပုံနှိပ်ထုတ်ဝေခြင်းမီဒီယာ[30]အသုံးပြုခြင်းကို လွတ်လပ်သောသတင်းမီဒီယာများ သည် ကြားကာလအုပ်ချုပ်ရေးဒေသများနှင့်လွတ်မြောက်နယ်မြေများတွင် ပြုလုပ်လာကြသည်။ ထိုသို့လုပ်ဆောင် ခြင်းအားဖြင့် အင်တာနက်နှင့်မိုဘိုင်းဖုန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းခြင်းကြောင့် ကြုံတွေ့လာရသော သတင်း စီးဆင်းမှုပြတ်တောက်ခြင်းကို ဟန့်တားနိုင်စေသည်။ ယင်းအခြေအနေများအတွက် မီဒီယာနည်းပညာအရလိုအပ် သော အခြေခံအဆောက်အအုံများနှင့်မူဝါဒရေးရာကိစ္စများသည်လည်း လိုအပ်ချက်တစ်ခုဖြစ်လာသည်။

သတင်းမီဒီယာများ၏ဝင်ငွေပြန်လည်ရရှိရာနည်းလမ်းများမှာ ငွေကြေးထောက်ပံ့ခြင်း(Funding)၊ လူမှုကွန် ရက်မီဒီယာမှဝင်ငွေရရှိခြင်း(Monetisation)၊ ပြည်သူ့ဝန်ဆောင်မှုကြေညာချက်(PSA)၊ ကြော်ငြာ(Advertising)၊ အ ဖွဲ့ဝင်ခြင်း(Membership/Subscription)နှင့်အကြောင်းအရာများရောင်းချခြင်း(Contents Sale)များဖြစ်ကြသည်။[31] ထိုနည်းလမ်းများအနက် လွတ်လပ်သောသတင်းမီဒီယာများစုသည် ငွေကြေးထောက်ပံ့ခြင်းများဖြင့် အဓိကရပ်တည် နေကြရသည်။ အများပြည်သူထံသို့သတင်းတင်ပြနိုင်ရန်အတွက် ဖေ့ဘွတ်ခ်၊ ယူကျူ့ကဲ့သို့ လူမှုကွန်ရက်မီဒီယာများ ကိုအသုံးပြုနေရသော်လည်း ယင်းလူမှုကွန်ရက်မီဒီယာများမှ ဝင်ငွေပြန်လည်ရရှိနိုင်ခြင်း အားနည်းလျက်ရှိနေသေး သည်။[32] ထို့အတူ

---

28 VOA Burmese | 3 Nov 2024 | သတင်းလွတ်လပ်ခွင့်အတွက် ရပ်တည်နေတဲ့ ဖက်ဒရယ် FM ရေဒီယို https://burmese.voanews.com/a/burma-democracy-forum-conversation-with-myanmar-federal-fm-founder/7849756.html

29 KT FM | Kantarawaddy Times Website https://www.kantarawaddytimes.org/category/kt-fm/

30 DMG | သတင်းအမှောင်ချခံ ရခိုင်ပြည်သူများ သတင်းမှန်သိရှိရန် ဂျာနယ်အခမဲ့ထုတ်ဝေ https://www.dmgburmese.com/သတင်း/trtgo.html

31 Media Development Investment Fund | 13 Sep 2024 | The Business of Independent Myanmar Media Post-coup https://www.mdif.org/news/the-business-of-independent-myanmar-media-post-coup/#t-u

32 Myanmar Internet Project | 1 Oct 2024 | (Social) Media in Crisis https://www.myanmarinternet.info/post/social-media-in-crisis

ပြည်သူ့ဝန်ဆောင်မှုကြေညာချက်နှင့်[33]ကြော်ငြာများကို ဝင်ငွေရရှိနိုင်သည့်နည်းလမ်းအဖြစ် အသုံးပြုနေသော်လည်း သတင်းမီဒီယာလုပ်ငန်းတစ်ခု ကောင်းမွန်စွာလည်ပတ်နိုင်သည့်အခြေအနေအထိ သက်ရောက်နိုင် ခြင်း မရှိပါ။ ထို့အတူ အခြားသောဝင်ငွေရရှိနိုင်သောနည်းလမ်းများသည်လည်း သတင်းမီဒီယာဌာနတိုင်းအတွက် အ ဆင်ပြေချောမွေ့နေသည် မဟုတ်ပါ။

ထို့အပြင် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးမှုအေဂျင်စီ(USAID)ကို ပိတ်သိမ်းပြီး လာမည့်သုံးနှစ်အတွက် မြန်မာ့ မီဒီယာဖွံ့ဖြိုးရေးအစီအစဉ်(၂)ခုအတွက် လျာထားသော ဒေါ်လာ(၁)သန်းမှာ ဆိုင်းငံ့သွားခဲ့သည်။[34]ထိုသို့ထရမ့်အစိုးရကရုတ်တရက်ဆိုင်းငံ့လိုက်ခြင်းကြောင့်ထိုရန်ပုံငွေဖြင့်လစာရနေကြသောသတင်းမီဒီယာသမားများ၏ဝင်ငွေများ သည် ချက်ခြင်းရပ်တန့်သွားရသည်။ လွတ်လပ်သောမြန်မာသတင်းမီဒီယာကောင်စီ(IPCM)ကလည်း အကြောင်းအ မျိုးမျိုးကြောင့်ရပ်နားထားရသောသတင်းမီဒီယာလုပ်ငန်းများမှ သတင်းမီဒီယာသမားများကို အရေးပေါ်ကူညီထောက် ပံ့နိုင်ရန်စီစဉ်လျက်ရှိပြီး[35] ယင်းအစီအစဉ်အတွက် လျှောက်ထားသူ(၂၀၀)နီးပါးရှိပြီး အလုပ်နားထားသူ(၈၀)ကို ကူညီ နိုင်ရန် စီစဉ်လျက်ရှိကြောင်း စုံစမ်းသိရှိရသည်။

# တိုင်းရင်းမီဒီယာများ၏သတင်းလုပ်ငန်းခွင်/ သတင်းလွတ်လပ်ခွင့်ဆိုင်ရာအကျပ်အတည်းများ

သတင်းလွတ်လပ်ခွင့်ဆိုင်ရာမြေပြင်အခြေအနေများကို သိရှိနိုင်ရန်အတွက် နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့ဝင် များထံသို့ သတင်းလွတ်လပ်ခွင့်ဆိုင်ရာမေးခွန်းအချို့ပေးပို့မေးမြန်းခဲ့သည်။ ယင်းမေးခွန်းများနှင့်အဖြေများအပေါ်မူ တည်၍ ရရှိလာသောအခြေအနေများကို ခေါင်းစဉ်ခွဲများဖြင့် ဆက်လက်တင်ပြပါမည်။

### ၁။ ဆင်ဆာဖြတ်တောက်ခြင်း။

ဆင်ဆာဖြတ်တောက်ခြင်းနှင့်ပတ်သက်၍ ကြုံတွေ့ရသောအခြေအနေကို မေးမြန်းကြည့်ရာတွင် အများစုက 'ဆင်ဆာ ဖြတ်တောက်ခြင်း မရှိပါ'ဟုဖြေပြီး အနည်းစုက 'ဖြတ်တောက်ခြင်းရှိသည်'ဟုဖြေသည်။ အစိုးရတစ်ရပ် သို့မဟုတ် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုခု၏ ဆင်ဆာဖြတ်တောက်ခြင်းပုံစံ အနည်းငယ်ရှိနေသည်။ အစိုး ရတစ်ရပ်၏ ဆင်ဆာဖြတ်တောက်ခြင်း၊ အင်အားစုတစ်ခု၏ ဆင်ဆာဖြတ်တောက်ခြင်းနှင့် မိမိကိုယ်တိုင်ဆင်ဆာ ဖြတ်တောက်နေရခြင်းဆိုသော ဆင်ဆာဖြတ်တောက်ခံရခြင်းအခြေအနေများအနက် သတင်းမီဒီယာတိုက်များသည် ဆင်ဆာဖြတ်တောက်ခြင်းအလုံးစုံကင်းလွတ်မနေဘဲ အမှုအခင်းနှင့်ပြဿနာတစ်စုံတရာဖြစ်မည်ကိုစိုးရိမ်၍ ဆင်ဆာ ဖြတ်တောက်နေကြရသည်။ မေးခွန်းမေးမြန်းမှုအား ပြန်လည်ဖြေကြားမှုတစ်ခုတွင် "တချို့သော သတင်းရင်းမြစ်များ သည် သတင်း

[33] Media Development Investment Fund | 18 July 2022 | Independent Media's Struggle to Survive in Myanmar https://www.mdif.org/news/independent-medias-struggle-to-survive-in-myanmar/

[34] Irrawaddy Burmese | 7 February 2025 | မြန်မာမီဒီယာကဏ္ဍအပါဝင် အမေရိကန်အကူအညီ ဒေါ်လာ ၃၉ သန်းကျော် ဆိုင်းငံ့ https://burma.irrawaddy.com/news/2025/02/07/396837.html

[35] IPCM | 3 March 2025 | သတင်းသမားများအား အရေးပေါ်ထောက်ပံ့ရန် အသိပေးကြေညာခြင်း https://ipcmm.org/ကြေညာချက်အမှတ်-၄-၂၀၂၅-သတ/

မဖော်ပြခင် တောင်းယူကြည့်ရှုခဲ့သည်များ ရှိခဲ့သည်။ သို့သော် သင့်လျော်သည့်အကြောင်းပြချက်များ ပေး၍ ငြင်းဆိုမှုများပြုလုပ်ခဲ့ရသည်”ဟု ဖြေဆိုခဲ့သည်။ ထို့ကြောင့် တိုက်ရိုက်ဆင်ဆာဖြတ်တောက်ခြင်းမရှိသော် လည်း ဆင်ဖြတ်တောက်ခြင်းအလုံးစုံကင်းလွတ်သော အခြေအနေတစ်ရပ် ရှိမနေပါ။

## ၂။ ခြိမ်းခြောက်ခံရခြင်း

သတင်းမီဒီယာများ ခြိမ်းခြောက်ခံရခြင်းအခြေအနေနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာတွင် ဖြေဆိုသူများ၏ထက်ဝက် ကျော်က သတင်းဌာန၏ သတင်းဖော်ပြမှုကြောင့် ခြိမ်းခြောက်ခံရသောဖြစ်ရပ်များ ရှိသည်ဟု ဖြေဆိုကြသည်။ အ နည်းဆုံးတစ်ကြိမ် သို့မဟုတ် တစ်ကြိမ်နှင့်အထက် ခြိမ်းခြောက်ခံရခြင်းကို သတင်းမီဒီယာအများစုက ကြုံတွေ့ခဲ့ရ သည်။ ခြိမ်းခြောက်မှုပြုလုပ်ပုံများမှာ သတင်းဌာနသို့ မက်ဆင်ဂျာ၊ အီးမေးလ်နှင့် ဖုန်းတို့ဖြင့် ဆက်သွယ်ခြိမ်းခြောက် ခြင်းဖြစ်သည်။ ခြိမ်းခြောက်မှုများတွင် သတင်းသမားအား ဖမ်းဆီးအရေးယူမည် သို့မဟုတ် သတ်ဖြတ်မည် ဆိုသောပုံစံများပါဝင်ပြီး သတင်းကြေညာသူအမျိုးသမီးအား ဖမ်းဆီး၍ မုဒိမ်းကျင့်မည်ဆိုသော ခြိမ်းခြောက်မှုများလည်း ပါ ဝင်သည်။ သူ၏တပည့်များကစိတ်ဆိုးနေပြီဟု တိုင်းရင်းသားခေါင်းဆောင်တစ်ဦးက ပြောကြောင်း၊_သတင်းဌာနလိပ်စာ ကို သိ၍ မီးရှို့မည်ဖြစ်ကြောင်း၊ သတင်းကြေညာသူအမျိုးသမီးနေထိုင်ရာကို သိ၍ ကားပေါ်ပွေ့တင်၍ မုဒိမ်းကျင့်မည် ဖြစ်ကြောင်းနှင့် အယ်ဒီတာအား အပျောက်ရှင်းပစ်မည်ဖြစ်ကြောင်း စသည်ခြိမ်းခြောက်မှုများကို သတင်းဖော်ပြခြင်း ကြောင့် ကြုံတွေ့ခဲ့ရကြောင်း ဖြေကြားသည်။ တချို့သော ဖြေကြားမှုတွင် သတင်းဌာနကိုသာမက သတင်းရင်းမြစ်၏ မိသားစုဝင်များနှင့်ပိုင်ဆိုင်မှုများကိုပါ ဖျက်ဆီးပစ်မည်ဟုဆိုသော ခြိမ်းခြောက်မှုများရှိသည်ဟု ပါဝင်သည်။

## ၃။ သတင်းလုပ်ငန်းခွင်မလုံခြုံခြင်း

စစ်ရေးပဋိပက္ခမြင့်မားသောနေရာများရှိ သတင်းလုပ်ငန်းခွင်များ၌ စစ်ကောင်စီ၏လေကြောင်းရန် စိုးရိမ်ရခြင်း၊ မြေ မြှုပ်မိုင်းအန္တရာယ်စိုးရိမ်ရခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ လက်နက်ကိုင်အဖွဲ့အ စည်းများအကြား သွားလာလှုပ်ရှားရခြင်း၊ လုံခြုံရေးဆိုင်ရာ အထောက်အပံ့များ အားနည်းခြင်းနှင့် စစ်ဆေးရေးဂိတ် များ၌ စစ်ဆေးမှုကြမ်းတမ်းခြင်းများကို ကြုံတွေ့ရသည်ဟု သတင်းလုပ်ငန်းခွင်မလုံခြုံခြင်းနှင့်ပတ်သက်၍ သတင်းမီ ဒီယာများ[36]မှ ပြောသည်။

သတင်းမီဒီယာအများစုသည် မြန်မာနိုင်ငံပြည်ပနှင့်နယ်စပ်ဒေသများ၌ အခြေစိုက်၍ သတင်းလုပ်ငန်းများကို လုပ်ကိုင်ကြရသည်။[37] ထို့ကြောင့် “နိုင်ငံရပ်ခြားတွင် တရားမဝင် ရပ်တည်နေရသည့်အတွက် ရုံးခန်းလုံခြုံရေးအတွက် အမြဲစိုးရိမ်နေရသည်”ဟု ဤလေ့လာမှု၏မေးမြန်းမှုကို သတင်းမီဒီယာတစ်ခုက ဖြေကြားသည်။ ထို့အပြင် ဖြေကြားမှု တစ်ခုတွင်လည်း ပြည်တွင်း၌ဖြစ်စေ၊ လွတ်မြောက်နယ်မြေ၌ဖြစ်စေ၊ နယ်စပ် (သို့) ထိုင်းနိုင်ငံထဲ၌ဖြစ်စေ တိကျမှန် ကန်သောသတင်းများ ပြည်သူ့ထံရောက်ရှိနိုင်ရေး ခိုးကြောင်ခိုးဝှက်ဖြင့် လုံခြုံမှုမရှိသည့်အကြား၊ တရားဝင်မှုမရှိသည့် အကြားမှ သတင်းမီဒီယာသမားများက လုပ်ကိုင်နေကြရသည်ဟု ပြောကြားခဲ့သည်။

36 နိုင်ငံတကာမြန်မာ့သတင်း(BNI)အဖွဲ့ဝင် သတင်းမီဒီယာများ

37 နိုင်ငံတကာမြန်မာ့သတင်း(BNI)သို့ မေးခွန်းပေးပို့မေးမြန်းခြင်းရလဒ်

ထို့အပြင် သတင်းလုပ်ငန်းအတွက် ခရီးသွားလာရပါက စစ်ဆေးရေးဂိတ်များတွင် သတင်းမီဒီယာသမားဟု အသိပေး၍မရခြင်း၊ ကင်မရာနှင့်သတင်းလုပ်ငန်းဆိုင်ရာပစ္စည်းများ သယ်ဆောင်ရမလွယ်ကူခြင်းနှင့် ယုံကြည်စိတ်ချ ရသော သတင်းရင်းမြစ်ရှာဖွေရခြင်းများကို ကြုံတွေ့ရကြောင်းလည်း ပြောကြားသည်။

## ၄။ သတင်းရပိုင်ခွင့်အားနည်းခြင်း

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလအုပ်ချုပ်ရေးအဖွဲ့များ၊ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် စစ်ကောင်စီတို့ ထံမှ သတင်းရယူနိုင်ခွင့်နှင့်ပတ်သက်၍ အဆင့်သတ်မှတ်ပေးစေခဲ့ရာ အမှတ်(၅)မှတ်တွင် အမျိုးသားညီညွတ်ရေးအ စိုးရက (၂.၅)မှတ်၊ ကြားကာလအုပ်ချုပ်ရေးအဖွဲ့များက (၂.၈)မှတ်၊ လက်နက်ကိုင်အဖွဲ့အစည်းများက (၂.၆)မှတ်နှင့် စစ်ကောင်စီက (၁.၅)အဖြစ် သတ်မှတ်ပေးကြသည်။ ထို့ပြင် လွတ်မြောက်နယ်မြေအတွင်း သတင်းရယူနိုင်ခွင့်နှင့်ပတ် သက်၍ ဆက်လက်အဆင့်သတ်မှတ်စေခဲ့ရာ အမှတ်(၅)မှတ်တွင် (၃)မှတ် သတ်မှတ်ပေးကြသည်။ ထို့နောက် သတင်း ရယူနိုင်ခွင့်အား ခြုံငုံ၍ အဆင့်သတ်မှတ်ပေးစေရာ (၂.၃)မှတ် သတ်မှတ်ပေးကြသည်။

အဆိုပါအချက်အလက်များအရ သတင်းမီဒီယာများ၏ လွတ်လပ်စွာသတင်းရယူခွင့်မှာ သင့်တော်ကောင်းမွန် သည့်အခြေအနေ၌ မရှိသေးကြောင်း မြင်သာပါသည်။ သက်ဆိုင်ရာဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မရှိခြင်း၊ ဖြေကြားမှု နှေးကွေးခြင်း၊ သတင်းကိစ္စဆက်သွယ်ရန်အတွက် ဖုန်း၊ အီးမေးလ်ကဲ့သို့ ဆက်သွယ်စနစ်များ သတ်သတ် <u>မှတ်မှတ်ထားရှိစေခြင်း</u>၊ လုံခြုံရေးအရ စိုးရိမ်ကြောင့်ကြမှုမရှိပါဘဲ သတင်းမီဒီယာသမားဟု ဖော်ပြ၍ လွတ်လပ်စွာ သတင်းရယူနိုင်ခြင်း၊ သတင်းကိစ္စဆောင်ရွက်ရန်အတွက် မလိုလားအပ်သော ခွင့်ပြုချက်များတောင်းခံနေရခြင်းနှင့် သတင်းမီဒီယာများအား ထိန်းချုပ်ကြပ်မတ်လိုခြင်းများလည်း ရှိနေကြောင်း သတင်းမီဒီယာများထံ စုံစမ်းမေးမြန်း ချက်များအရ သိရသည်။

ထို့အပြင် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့်ပတ်သက်သော စုံစမ်းမေးမြန်းချက်များအား ပြန်လည်ဖြေကြားရာ တွင် "အာဏာသိမ်းပြီးနောက် ပိုမိုဆိုးဝါးလာတယ်လို့ ပြောချင်ပါတယ်။ တော်လှန်ရေးအစိုးရပဲ ပြောပြော၊ တော်လှန် ရေး တပ်ဖွဲ့တွေပဲ ပြောပြော၊ ယင်းတို့ကို ထောက်ပြတဲ့သတင်းများ ထုတ်လုပ်ပါက မလိုလားကြောင်း တွေ့မြင်နေရပါ တယ်။ ထိုသို့အခြေအနေများကို အရေးတကြီး ဖြေရှင်းပေးရန် လိုအပ်ပါတယ်။ ထို့အပြင် အချို့အရပ်ဖက်အဖွဲ့အ စည်းများကို ဆက်သွယ်ရန်ပင် ခက်ခဲနေတယ်"ဟု ဖြေကြားခဲ့သည်။

ထို့အတူ အခြားသော ဖြေကြားမှုတစ်ခုတွင်လည်း "သတင်းလွတ်လပ်ခွင့်အတွက်က သတင်းမီဒီယာကျင့် ဝတ်အတိုင်းလုပ်ဆောင်သွားသင့်သလို သတင်းမယူခင်၊ သတင်းမဖော်ပြခင်နဲ့ သတင်းဖော်ပြပြီးနောက် သက်ရောက် မှုတွေ၊ တုန့်ပြန်မှုတွေနဲ့ ဝေဖန်တိုက်မှုတွေကိုလည်း သတိကြီးကြီးထားပြီး လုပ်ဆောင်သွားရမည့် အချိန်ကာလဖြစ်ပါ တယ်"လို့ ဖြေကြားခဲ့သည်။

# နိဂုံး

အာဏာသိမ်းမှုနောက်ပိုင်း သတင်းမီဒီယာများရင်ဆိုင်ကြုံတွေ့ရမှုများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးဝါးလာပြီး သတင်းလွတ်လပ်ခွင့်အဆိုးနိုင်ငံအဖြစ်လည်းကောင်း၊ သတင်းမီဒီယာသမားများ ဖမ်းဆီးထိန်းသိမ်းခံရမှုအမြင့်ဆုံးနိုင် ငံအဖြစ်လည်းကောင်း၊ သတင်းမီဒီယာသမားများကို ရာဇဝတ်မှု များဖြင့်အရေးယူသောနိုင်ငံအဖြစ်လည်းကောင်း၊ သ တင်းမီဒီယာသမားများသေဆုံးမှုတွင် ပြစ်မှု ကျူးလွန်သူများ ပြစ်ဒဏ်မှလွတ်မြောက်နေမှုအမြင့်ဆုံးနိုင်ငံအဖြစ်လည်း ကောင်း၊ အကျဉ်းထောင် အတွင်း အကျဉ်းချခံထားရသော ယုံကြည်ချက်အကျဉ်းသားများအခွင့်အရေးအချိုးဖောက်ခံ ရသော အခြေအနေဆိုးများဖြင့်လည်းကောင်း အဖက်ဖက်မှအကြပ်အတည်းပေါင်းများစွာကို ရင်ဆိုင်နေရသည်။

ထို့အပြင် လွတ်လပ်သော သတင်းမီဒီယာအပေါ် သိမြင်နားလည်မှုအားနည်းလျက်ရှိပြီး တရား မျှတသော ဥပ ဒေရေးရာအရ အကာအကွယ်ရရှိနိုင်မှုအာမခံချက်မှာလည်း လက်လွတ်ဆုံးရှုံးလျက်ရှိ သည်။ သတင်းမီဒီယာများအ တွက်အခြေခံအဆောက်အအုံဖြစ်သော အင်တာနက်ရရှိမှု၊ လေလှိုင်းထုတ် လွှင့်နိုင်မှု၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိနိုင်မှုနှင့်ဒီ ဂျစ်တယ်မီဒီယာများပေါ်မှအကျိုးအမြတ်ပြန်လည်ရရှိမှု များသည်လည်း ဆုံးရှုံးနစ်နာ၍ အကာအကွယ်မဲ့နေရသည်။

ထို့အတူ လွတ်လပ်သောသတင်းမီဒီယာများ၏ရေရှည်ရပ်တည်နိုင်ရေးနှင့် လုံခြုံရေးများအတွက် စိန်ခေါ်မှု ပေါင်းများစွာကို ရင်ဆိုင်နေရပြီး မင်းအောင်လှိုင်ဦးဆောင်သောစစ်တပ်ထောက်ခံသူများက ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်နေသော သတင်းတု၊ သတင်းမှားနှင့်ဝါဒဖြန့်ချိရေးလုပ်ရပ်များကိုလည်း သတင်းမီဒီယာများက ရင်ဆိုင်ခုခံ ကာကွယ်နေရသည်။

ထိုသို့သောအခြေအနေများအကြားတွင် လွတ်လပ်သောသတင်းမီဒီယာများသည် သတင်း လွတ်လပ်ခွင့်ကို ကျင့်သုံးရန်နှင့်ကာကွယ်နိုင်ရန် ကြိုးပမ်းအားထုတ်နေရသည်ဖြစ်ပါသဖြင့် သတင်းမီဒီ ယာလွတ်လပ်ခွင့်ကို အားပေး ထောက်ခံရန် တာဝန်ရှိသူများနှင့်လိုလားသူများသည် သတင်းမီဒီယာ လွတ်လပ်ခွင့်များ အားကောင်းရှင်သန်စေရန် အလေးထားစီမံဆောင်ရွက်သင့်ပါသည်။

# BNI(နိုင်ငံတကာမြန်မာ့သတင်း)၏ အကြံပြုချက်များ

သတင်းမီဒီယာလွတ်လပ်ခွင့်အရေးအပါအဝင် တိုင်းရင်းမီဒီယာများနှင့်ဒေသန္တရမီဒီယာ များ၏ဖွံ့ဖြိုးတိုးတက်ရေး၊ ရေ ရှည်ရပ်တည်နိုင်ရေးနှင့်အရည်အသွေးပြည့်ဝသော အများပြည်သူ အကျိုးပြုသတင်းများ ထုတ်လုပ်နိုင်ရေးတို့အား အ စဉ်တစိုက် လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်း တစ်ခုအနေဖြင့် အောက်ပါအချက်များကို အကြံပြုတိုက်တွန်း လိုက်ပါသည်။

**(က)** သတင်းမီဒီယာသမားအား ဖမ်းဆီးနေခြင်းကို အမြန်ဆုံးရပ်တန့်ပြီး ဖမ်းဆီးထားသော သတင်းမီဒီယာသမားများနှင့် ထောင်ဒဏ်နှစ်ရှည်ချမှတ်ခံထားရသော သတင်းမီဒီယာသမား များကို အမြန်ဆုံးပြန်လွှတ်ပေးရန်။

**(ခ)** ဖမ်းဆီးခံထားရသော သတင်းမီဒီယာသမားအားလုံးကို အကျဉ်းထောင်များနှင့်စစ်ကြော ရေးများတွင် စိတ်ပိုင်း၊ ရုပ်ပိုင်းနှင့်လိင်ပိုင်းဆိုင်ရာအားဖြင့် အကြမ်းဖက်မှုများ သို့မဟုတ် ညှဉ်းပန်းနှိပ်စက်မှုများ မပြုလုပ်ရန်။

**(ဂ)** သတင်းမီဒီယာသမားများအပေါ် မတရားဖိနှိပ်တရားစွဲဆိုဖမ်းဆီးနိုင်ရန် ရည်ရွယ်ထုတ်ပြန် ထားသောအမိန့်နှင့်ဥပ ဒေများကို ပြန်လည်ရုပ်သိမ်းရန်။

**(ဃ)** လွတ်လပ်စွာ သတင်းရယူခွင့်၊ လွတ်လပ်စွာ သတင်းရေးသားဖော်ပြခွင့်နှင့် သတင်း အချက်အလက် သိရှိပိုင်ခွင့် များကို အကြမ်းဖက်သောနည်းလမ်းဖြင့် ပိတ်ပင်တားဆီးနေ မှုများကို ရပ်တန့်ရန်။

**(င)** မြန်မာနိုင်ငံမှထွက်ပြေးတိမ်းရှောင်လာသောသတင်းမီဒီယာသမားများကို အိမ်နီးချင်းနိုင်ငံ များဖြစ်သော ထိုင်း၊ အိန္ဒိယ၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်တို့က ဖမ်းဆီးခြင်းမပြုရန်နှင့် သတင်း မီဒီယာလုပ်ငန်းများအား ဆက်လက်လုပ်ကိုင် နိုင်ရန် သတင်းလွတ်လပ်ခွင့်ကိုရှေးရှု၍ ခွင့် ပြုပေးရန်။

**(စ)** မီဒီယာလွတ်လပ်ခွင့်နှင့် ရေရှည်ရှင်သန်ရပ်တည်နိုင်ရန်အတွက် လွတ်လပ်သောမီဒီယာ များ၏အခန်းကဏ္ဍအား အသိအမှတ်ပြုကာ မီဒီယာများကို အထောက်အကူပေးနေသော အဖွဲ့အစည်းများက နည်းလမ်းသစ်များရှာဖွေရန်နှင့် မီဒီယာအခန်းကဏ္ဍကို လျစ်လျူရှုမ ထားရန်။

**(ဆ)** သတင်းအမှောင်ချရန်ရည်ရွယ်သော စစ်ကောင်စီ၏အင်တာနက်ဖြတ်တောက်ခြင်း၊ ဖုန်း လိုင်းများဖြတ်တောက် ခြင်းနှင့်လျှပ်စစ်မီးဖြတ်တောက်ခြင်းများကို ပြင်းထန်စွာဆန့်ကျင် ကန့်ကွက်ရှုတ်ချရန်။

**(ဇ)** အမျိုးသားညီညွတ်ရေးအစိုးရအပါအဝင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများသည် လက်ရှိအချိန်တွင် သာမက အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွင်ပါ သတင်းမီဒီယာလွတ်လပ်ခွင့်၊ လွတ်လပ်ပွင့်လင်း သောမီဒီယာကဏ္ဍကို လေးစားတန်ဖိုး ထားရန်နှင့် တိုင်းရင်းမီဒီယာ၊ ဒေသန္တရမီဒီယာများ၏စံတန်ဖိုးနှင့်အခန်းကဏ္ဍ တို့ကို မြှင့် တင်ပေးရန်။

**(ဈ)** သတင်းမီဒီယာများအမီအခိုကင်းရှင်းစွာဖြင့် ရေရှည်ရပ်တည်နိုင်စေရန်နှင့်နည်းမှန် လမ်းမှန် ဖြင့် ပုံမှန်ဝင်ငွေရရှိစေအလေးထားစီမံဆောင်ရွက်ရန်။ သက်ဆိုင်ရာမီဒီယာဖွံ့ဖြိုးတိုးရေး အဖွဲ့များအနေဖြင့် အလေး ပေးဆောင်ရွက်ပေးရန်

**(ည)** လေလှိုင်းအသုံးပြု၍ သတင်းထုတ်လွှင့်နိုင်သော မီဒီယာများကို အလေးထားစဉ်းစား၍ ဒေသတွင်းအခြေစိုက် ရေဒီယိုနှင့်ရုပ်မြင်သံကြားထုတ်လွှင့်နိုင်ရေးကိစ္စများကို စီမံ ဆောင်ရွက်ရန်။